ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အခွန်အယူခံ ခုံအဖွဲ့



# ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ



# နှစ်ပတ်လည် အစီရင်ခံစာ

# ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်



## ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်

# နှစ်ပတ်လည် အစီရင်ခံစာ

## အခွန်အယူခံ အကြောင်း အနှစ်ချုပ်

**အယူခံမှု**



- ☑ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စု အစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ တာဝန်ယူ ကောက်ခံသည့် ဌာနများက ချမှတ်သည့် အခွန်ဆိုင်ရာ အမိန့်ကို မကျေနပ်ပါက-
- ☑ ပြည်ထောင်စု အစိုးရ အဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အစိုးရ ဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်း တစ်ခုခုက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ် ဆုံးဖြတ်ချက် တစ်ခုခုကို မကျေနပ်ပါက-
- ☑ သတ်မှတ်ချက်များနှင့်အညီ အခွန်အယူခံ ခုံအဖွဲ့ထံ အယူခံဝင်ရောက်နိုင်ပါသည်။
- ☑ တည်ဆဲ ဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ အခွန်ဆိုင်ရာ အယူခံသည့် ကိစ္စရပ်များကို အခွန်အယူခံခုံအဖွဲ့ ဥပဒေဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အယူခံမှု အဆင့်ဆင့်**


အယူခံ ဝင်ရောက်သော်လည်း အခွန်အယူခံ ခုံအဖွဲ့က ချမှတ်သည့် မိမိ မကျေနပ်သော အမိန့်နှင့် စပ်လျဉ်း၍ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှု တို့ကို ထပ်မံ လျှောက်ထားနိုင်ပါသည်-

- **ပြင်ဆင်မှု** ဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့် အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ နစ်နာသူက ဥပဒေ နှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည်တင်ပြသည့် အမှုကို ဆိုသည်။
- **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည် သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် ပြန်လည် လျှောက်ထားသည့် အမှုကို ဆိုသည်။
- **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုတွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ ဖြစ်သဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ လွှဲအပ်ပေးပို့သည့် အမှုကို ဆိုသည်။




## ကာလစည်းကမ်းသတ်

- အယူခံမှု လျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း
- ပြင်ဆင်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း
- ပြန်လည်သုံးသပ်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း
- လွှဲအပ်မှု နှင့်စပ်လျဉ်း၍ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏ စီရင်ချက် အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ ပေါ်ပေါက်သည်ဟု ယူဆပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် စီရင်ချက် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း








## အမှုတင်သွင်းလျှောက်ထားခြင်း

- အမှု တင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင် ရှေ့နေဖြင့် ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်ကိုင် လာရောက် လျှောက်ထားရမည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံ နှင့် အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲ လျက် လျှောက်ထားရမည်။

## ဆုံးဖြတ်ခြင်း

- ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင်များ၏ ဆန္ဒမဲ အများစုဖြင့် ဆုံးဖြတ်ပါသည်။
- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထား လာသည့်အခါ ဖြစ်စေ၊ လွှဲအပ်ရန် အကြောင်း ပေါ်ပေါက်လာသည့် အခါဖြစ်စေ အဖွဲ့ဝင် အားလုံးပါဝင်သော စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန် သင့် မသင့် ဆုံးဖြတ်ပါသည်။






## ဘဏ္ဍာငွေ တိုးတက် ရရှိအောင် ဆောင်ရွက်ခဲ့မှု

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရွေးယူဒဏ်ငွေ စနစ်ဖြင့် ပြန်လည် ပေးအပ်သည့် အကောက်ခွန် အယူခံမှု၊ ပြန်လည် သုံးသပ်မှု တို့မှ အောက်ပါအတိုင်း နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက် ရရှိအောင် စီရင် ဆုံးဖြတ် ဆောင်ရွက် နိုင်ခဲ့ပါ သည်-

| | | |
|---|---|---|
| ဘဏ္ဍာသိမ်း ကုန်ပစ္စည်းမှ | - ကျပ်သန်းပေါင်း | ၆၆၆.၃၃၈ |
| အခင်းဖြစ် မော်တော်ယာဉ်မှ | -ကျပ်သန်းပေါင်း | ၇၄.၆၆၇ |
| စုစုပေါင်း | - ကျပ်သန်းပေါင်း | ၇၄၁.၀၀၅ |

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| အခွန်အယူခံ ခုံအဖွဲ့ နှစ်ချုပ် အစီရင်ခံစာ ထုတ်ပြန်တင်ပြရခြင်း ရည်ရွယ်ချက် | ၂ |




## အပိုင်း ( ၁ )
## အခွန်အယူခံ ခုံအဖွဲ့



| | |
|---|---|
| အခွန်အယူခံ ခုံအဖွဲ့ | ၃ |
| ဥပဒေ နှင့် နည်းဥပဒေ ပြဋ္ဌာန်းခြင်း | ၃ |
| ခုံအဖွဲ့ ဖွဲ့စည်းခြင်း | ၄ |
| အခွန်အယူခံ ခုံအဖွဲ့ လုပ်ပိုင်ခွင့် | ၄ |
| အခွန်အယူခံ ခုံအဖွဲ့က ကြားနာ စစ်ဆေး ဆောင်ရွက်နိုင်သည့် အမှုအမျိုး အစား | ၅ |

## အပိုင်း ( ၂ )
## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များ


| | | |
|---|---|---|
| ⚖ | ဆောင်ရွက်ရန် အမှုလက်ကျန် လွှဲပြောင်း ရရှိမှု | ၇ |
| ⚖ | လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှု | ၇ |
| ⚖ | လုပ်ငန်း အကောင်အထည် ဖော်နိုင်မှု ဆိုင်ရာ တင်ပြချက် | ၁၁ |
| ⚖ | ခုံအဖွဲ့၏ အမှုစီရင် ဆုံးဖြတ် ဆောင်ရွက် နိုင်မှု | ၁၃ |







## အပိုင်း (၃)
## ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ


| | | |
|---|---|---|
| 🔨 | သုံးလတာ ကာလအတွင်း ပြုပြင် ပြောင်းလဲမှု ဆောင်ရွက်ချက်များ | ၂၁ |

## အပိုင်း (၄)

## ဝန်ထမ်းရေးရာ နှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဆောင်ရွက်ချက်များ


| | |
|---|---|
| အခွန်အယူခံခုံအဖွဲ့ နှင့် ခုံအဖွဲ့ရုံး ဖွဲ့စည်းပုံ | ၃၀ |
| ဝန်ထမ်း ခန့်ထားနိုင်မှု | ၃၁ |
| လက်ရှိ ရုံး ဖွင့်လှစ်ထားရှိမှု | ၃၂ |
| ရုံးအဆောက်အဦသစ် တည်ဆောက်မှု | ၃၂ |
| ဝန်ထမ်းအိမ်ယာ ရရှိမှု အခြေအနေ | ၃၃ |
| အစည်းအဝေး ကျင်းပနိုင်မှု အခြေအနေ | ၃၃ |
| လေ့ကျင့်သင်ကြားပေးမှု | ၃၄ |




## နိဒါန်း

၁။ အခွန်အယူခံ ခုံအဖွဲ့ကို ဥပဒေ၊ နည်းဥပဒေများ သတ်မှတ် ပြဋ္ဌာန်း၍ နိုင်ငံတကာ စံနှုန်းနှင့်အညီ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် အဆင့်မြှင့်တင်ခြင်းသည်လည်း နိုင်ငံအတွက် အလိုအပ်ဆုံး ပြုပြင်ပြောင်းလဲသည့် ဆောင်ရွက်မှုတစ်ခု ဖြစ်ပါသည်။

၂။ "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ" ဆိုသည့် ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော အခွန်အယူခံ ခုံအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အခွန်အယူခံခုံအဖွဲ့၏ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သမျှကို ပြည်တွင်း၊ ပြည်ပရင်းနှီး မြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ သိရှိ နားလည်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဤနှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။ ယင်းသို့ ပွင့်လင်း မြင်သာစွာ သိခွင့်ရအောင် ထုတ်ပြန်ခြင်းသည် အခွန်အယူခံ ခုံအဖွဲ့၏ ပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ် များ အနက် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

၃။ ယခုအချိန်အခါသမယတွင် အခွန်အယူခံခုံအဖွဲ့၏ ကြားနာစီရင် ဆုံးဖြတ်ချက်များ သာမက၊ အခွန်အယူခံ ခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန် ထမ်းဆောင်သူများက သိရှိနားလည်ခွင့် ရရှိခြင်းဖြင့် အခွန်အယူခံ ခုံအဖွဲ့ အပေါ် အသိအမြင် မှန်လာပြီး၊ ထိုမှတစ်ဆင့် ယုံကြည် အားကိုးမှုများ တည်ဆောက်လာနိုင်မည် ဖြစ်ပါသည်။

၄။ ယခု အစီရင်ခံစာ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သည် အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် သမိုင်းမှတ်တိုင် များစွာအနက်၊ အခွန်အယူခံခုံအဖွဲ့ကို ဥပဒေ၊ အခွန်အကောက်၊ စာရင်းကိုင်၊ စာရင်းစစ် ပညာရပ် ဆိုင်ရာ နယ်ပယ် များမှ အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ရင့်ကျက်ပြီး၊ အရည်အချင်း ပြည့်မီသူများဖြင့် နိုင်ငံတကာ စံနှုန်းနှင့် အညီ ထည့်သွင်း ဖွဲ့စည်း၍ ပြုပြင်ပြောင်းလဲထားခြင်းသည် ထင်ရှားပေါ်လွင်သည့် သမိုင်း မှတ်တိုင် တစ်ခုပင် ဖြစ်ပါသည်။

၅။ အခွန်အယူခံ ခုံအဖွဲ့သည် စဉ်ဆက်မပြတ် လေ့လာ သင်ယူမှုများစွာ ပြုလုပ်၍ အသိပညာ တိုးပွားအောင် ပြုလုပ်ခြင်း၊ အသိပညာများ မျှဝေဖလှယ်ခြင်းနှင့် အမှု၏ ရှုပ်ထွေးမှုအပေါ် နက်ရှိုင်းစွာ နားလည် သဘော ပေါက်အောင်၊ ပြီးပြည့်စုံအောင် အသိပညာ ဗဟုသုတ ဉာဏ်ပညာများ ကြွယ်ဝနေခြင်း၊ ဆွေးနွေး ညှိနှိုင်း တိုင်ပင်ခြင်း စသည့် အလေ့အကျင့် ကောင်းများ၊ အကြောင်းတရားများကြောင့် အမှုများ အပေါ် အသေးစိတ် နက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်တုံတရားဖြင့် ကျိုးကြောင်း ဆီလျော်စွာ ချင့်ချိန် ကာ ဥပဒေ နှင့်အညီ မျှတ မှန်ကန်သည့် စီရင်ဆုံးဖြတ်ချက် ရလဒ်ကောင်းများ အကျိုးတရားများ ရရှိလာ စေကာ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီး မြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည် အားကိုးမှု

ရရှိလာအောင် ဆောင်ရွက်ခြင်း သည်လည်း အခွန်အယူခံ ခုံအဖွဲ့၏ အောင်မြင်သည့် လုပ်ဆောင်ချက် တစ်ခု ဖြစ်ပါသည်။

၆။ ပြည်ထောင်စုအခွန်အကောက် အမျိုးမျိုးအပေါ် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်နှင့်အညီ ပြည်တွင်း၊ ပြည်ပ ရင်းနှီး မြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများက တင်သွင်းလာသည့် အမှုများကို လွတ်လပ်စွာ ကြားနာ စစ်ဆေး၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန် ဆန်ဆန် ချမှတ်နိုင်ရေး၊ ဝန်ဆောင်မှုပေးရာမှာ တိုးတက်ကောင်းမွန် လာစေရေး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရာမှာ ပွင့်လင်းမြင်သာမှုရှိစွာ၊ တုံ့ပြန်မှု အားကောင်းစွာနှင့် လျင်မြန်စွာ ဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်ရေး၊ ခေတ်မီ တိုးတက်နေသည့် သတင်း အချက်အလက် နည်းပညာများနှင့်အညီ လိုက်လျောညီထွေဖြစ်သည့် ပုံစံအသစ်နှင့် ပြုပြင်ပြောင်းလဲရေး၊ အခွန်အယူခံ ခုံအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် စံနှုန်းကောင်းများ ရေရှည်ထိန်းသိမ်းရေး နှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ရာမှာလည်း မိမိတို့နှင့် ကိုက်ညီသည့် အစိတ်အပိုင်းကိုသာရယူ၍ မြန်မြန်ဆန်ဆန် တိုးတက်နိုင်ဖို့ ကြိုးစား လုပ်ဆောင်သွားကြရေး တို့အတွက် အခွန်အယူခံ ခုံအဖွဲ့နှင့် ခုံအဖွဲ့ ရုံးဝန်ထမ်းများ အားလုံး တက်ညီလက်ညီ အတူတကွ ဝိုင်းဝန်း ကြိုးပမ်း သွားကြရမည် ဖြစ်ပါသည်။

## အခွန်အယူခံ ခုံအဖွဲ့ နှစ်ချုပ် အစီရင်ခံစာ ထုတ်ပြန်တင်ပြရခြင်း ရည်ရွယ်ချက်

၇။ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၃၀ တွင် "ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ် ပြီးဆုံးသည့် အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင် အများပြည်သူ သိရှိစေရန် ထုတ်ပြန် ကြေညာရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ အခွန်အယူခံ ခုံအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု ရှိစေရန် လည်းကောင်း၊ ဆောင်ရွက်ချက်များအပေါ် ပြည်ထောင်စု အစိုးရအဖွဲ့ကသာမက ပြည်သူများကလည်း ယထာဘူတ ကျကျ အကဲဖြတ် နိုင်ရန် လည်းကောင်း ထုတ်ပြန်တင်ပြရခြင်း ဖြစ်ပါသည်။



ယုံကြည် မျှတ မှန်ကန်
အခွန်အယူခံ

အပိုင်း (၁)

# အခွန်အယူခံ ခုံအဖွဲ့

# အပိုင်း (၁)
# အခွန်အယူခံ ခုံအဖွဲ့

## အခွန်အယူခံ ခုံအဖွဲ့

၈။ မြန်မာနိုင်ငံ အခွန်အယူခံ ခုံအဖွဲ့၏ သမိုင်းအစမှာ Burma Income–Tax Act 1922 အရ ပါလီမန်ကာလ ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်သည့် အမြတ်တော်ခွန် အယူခံရုံး ဖြစ်ပြီး နောင် အစိုးရအဆက်ဆက် လက်ထက်များတွင် အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

၉။ ဒီမိုကရေစီစနစ်၊ လက်ရှိ အစိုးရ လက်ထက် ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ်တို့တွင် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေနှင့် နည်းဥပဒေ အသီးသီး ရေးဆွဲပြဋ္ဌာန်း၍ ယင်းဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် အခွန်အယူခံ ခုံအဖွဲ့ကို နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် အတိုင်း သီးခြား လွတ်လပ်သော အဖွဲ့အစည်းအဖြစ် အဆင့်မြှင့်တင်၍ ပြင်ဆင် ဖွဲ့စည်း ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

## ဥပဒေ နှင့် နည်းဥပဒေ ပြဋ္ဌာန်းခြင်း

၁၀။ **အခွန်အယူခံခုံအဖွဲ့ဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း။** မြန်မာနိုင်ငံ၏အခွန်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တစ်ရပ် အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အခွန်အရပ်ရပ်မှ ကောက်ခံ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက် ပေးနေ သကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ မူလအခွင့်အရေး ဖြစ်သည့် အယူခံပိုင်ခွင့်နှင့် ခုခံ ချေပခွင့် ဆောင်ရွက် နိုင်ရေး နှင့် နိုင်ငံ၏ အဓိက မဏ္ဍိုင်ကြီး ဖြစ်သည့် အခွန်များကို ထမ်းဆောင်ပေးနေကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ အပေါ် သီးခြားလွတ်လပ်သည့် အခွန် အယူခံ ခုံအဖွဲ့နှင့် အကာအကွယ် ပေးနိုင်ရေးတို့အတွက် ဥပဒေတစ်ရပ် မလွဲမသွေ လိုအပ်နေပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆၊ ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်း စာပိုဒ် ၃ ဘဏ္ဍာရေး နှင့် စီမံကိန်းကဏ္ဍ၏ အပိုဒ်ခွဲ (ဌ) တွင် အခွန်အယူခံခြင်း ဆိုသည့် ဥပဒေပြုစာရင်းထဲတွင် ပါရှိသည့် အတွက် အခွန်အယူခံ ခုံအဖွဲ့ဥပဒေ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အခွန်အယူခံခုံအဖွဲ့ ဥပဒေ
၂၀၁၈ ခုနှစ်

ကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၁၁။ **အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်း။** အခွန်အယူခံ ခုံအဖွဲ့ ဥပဒေကို ပြဋ္ဌာန်း ပြီးနောက် ယင်းဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် နေ့တွင် အခွန်အယူခံအဖွဲ့ နည်းဥပဒေများကို ထုတ်ပြန် ခဲ့ပါသည်။




## ခုံအဖွဲ့ ဖွဲ့စည်းခြင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ် ၄၃ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၎ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်)
**အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းတင် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်စန်းဦး | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (၅) | ဦးစေယျာကြည်ညွန့် | အဖွဲ့ဝင် |
| (၆) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (၇) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (၈) | ဦးဝင်းတင် | အဖွဲ့ဝင် |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၂၆ /၁၆၅-အစရ(အခွန်အယူခံ)/(၁၁/၂၀၂၀)။
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်။

၁၂။ အခွန်အယူခံ ခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုသည် တရားစီရင်ရေး သဘောဆောင်သည့် ဆောင်ရွက်မှုမျိုး (Quasi–Judicial Power) ဖြစ်သည့်အတွက် အခွန်အယူခံ ခုံအဖွဲ့သို့ တင်သွင်းလာသော ပြည်ထောင်စု အခွန်အကောက်ဆိုင်ရာ အမှုများအပေါ် ဥပဒေနှင့်အညီ သီးခြားလွတ်လပ်သော လွှမ်းခြုံကြားနာ စစ်ဆေး ဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ မျှတ မှန်ကန်စွာ ပြန်လည် ပြင်ဆင် သုံးသပ် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ် ပညာရပ်ဆိုင်ရာ နယ်ပယ်များမှ အသိပညာ၊ ကျွမ်းကျင်မှု နှင့် အတွေ့ အကြုံ ရင့်ကျက်သည့် အရည်အချင်းပြည့်မီသူများဖြင့် ပြည်ထောင်စု အစိုးရ အဖွဲ့သည် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်ခွဲ (က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၈)ဦး ပါဝင်သော အခွန်အယူခံခုံ အဖွဲ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၄၃/၂၀၂၀ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

## အခွန်အယူခံ ခုံအဖွဲ့၏ လုပ်ပိုင်ခွင့်

၁၃။ အခွန်အယူခံ ခုံအဖွဲ့သည် အခွန်အယူခံ ခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၅ အရ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ မူလ ဆုံးဖြတ်ချက်များအပေါ် အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်ပြီး အခွန်အယူခံ ခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၆ အရ ခုံအဖွဲ့က ကြားနာစစ်ဆေး

ဆုံးဖြတ်သော အမှုများတွင် အမှု ကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ပါသည်။

၁၄။ သို့ရာတွင် ဥပဒေကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍မှု လျှောက်ထားသူ သို့မဟုတ် လျှောက်ထား ခံရသူက ပြည်ထောင်စုတရားလွှတ်တော်သို့ လွှဲအပ်ပေးရန် လျှောက်ထားလာသည့်အခါ ဖြစ်စေ၊ လွှဲအပ်ရန် အကြောင်း ပေါ်ပေါက်လာသည့် အခါ ဖြစ်စေ အဖွဲ့ဝင် အားလုံးပါဝင်သော စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန် သင့် မသင့် ဆုံးဖြတ် ရပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်း ဆုံးဖြတ်ပါက ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ လွှဲအပ်မှု အဖြစ် ပေးပို့ ရပြီး လွှဲအပ်ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက အမှုကို အခွန် အယူခံ ခုံအဖွဲ့က ဆက်လက် စစ်ဆေး ဆုံးဖြတ် ပါသည်။

## အခွန်အယူခံ ခုံအဖွဲ့က ကြားနာ စစ်ဆေး ဆောင်ရွက်နိုင်သည့် အမှုအမျိုးအစား

၁၅။ အခွန်အယူခံ ခုံအဖွဲ့က ကြားနာစစ်ဆေး ဆောင်ရွက်နိုင်သည့် အမှုအမျိုးအစား (၄) မျိုးမှာ အောက်ပါ တို့ ဖြစ်ပါသည်-

(က) အယူခံမှု

(ခ) ပြင်ဆင်မှု

(ဂ) ပြန်လည်သုံးသပ်မှု

(ဃ) လွှဲအပ်မှု

၁၆။ **အယူခံမှု** အယူခံမှု ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စု အစိုးရက ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ တာဝန်ယူ ကောက်ခံသည့် ဌာနများက ချမှတ်သည့် အခွန် ဆိုင်ရာ အမိန့်ကို မကျေနပ်၍ သော်လည်းကောင်း၊ ပြည်ထောင်စု အစိုးရ အဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန် ပေးအပ် ခြင်းခံရသော အစိုးရ ဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ် ဆုံးဖြတ်ချက် တစ်ခုခု ကို မကျေနပ်၍ သော်လည်းကောင်း လျှောက်ထားသူမှ အခွန်အယူခံ ခုံအဖွဲ့ထံ အယူခံသည့်အမှုကို ဆို သည်။

၁၇။ **ပြင်ဆင်မှု** ပြင်ဆင်မှု ဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့် အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ နစ်နာသူက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည် တင်ပြသည့် အမှုကို ဆိုသည်။

၁၈။ **ပြန်လည် သုံးသပ်မှု** ပြန်လည်သုံးသပ်မှု ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့ သို့ပင် ပြန်လည် လျှောက်ထားသည့်အမှုကို ဆိုသည်။

၁၉။ **လွှဲအပ်မှု** လွှဲအပ်မှု ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုတွင် ဥပဒေ ကြောင်းအရ ဖြေရှင်း ရမည့်ကိစ္စ ဖြစ်သဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့ သည့် အမှုကို ဆိုသည်။

# ယုံကြည် မျှတ မှန်ကန်
# အခွန်အယူခံ

## အပိုင်း (၂)
## လုပ်ငန်း အကောင်အထည်ဖော်
## ဆောင်ရွက်ချက်များ

# အပိုင်း ( ၂ )

# လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

## ဆောင်ရွက်ရန် အမှုလက်ကျန် လွှဲပြောင်း ရရှိမှု

၂၀။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၃၈ တွင် ခုံအဖွဲ့သည် ဤဥပဒေ မပြဋ္ဌာန်းမီက အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၁၇ အရ ဖွဲ့စည်းထားသည့် အခွန် အယူခံခုံအဖွဲ့၏ ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်း များကိုလည်းကောင်း ဆက်ခံဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။


၂၁။ သို့ဖြစ်ပါ၍ ခုံအဖွဲ့သစ် ဥက္ကဋ္ဌသည် ယခင်ခုံအဖွဲ့ ဥက္ကဋ္ဌထံမှ အမှုလက်ကျန် စာရင်းများအား (၂၉-၆-၂၀၂၀) ရက်နေ့တွင် လွှဲပြောင်းလက်ခံခဲ့ရာ အကောက်ခွန် အယူခံမှု (၁၂) မှု၊ အကောက်ခွန် ပြန်လည်သုံးသပ်မှု (၇) မှု၊ အကောက်ခွန် ပြင်ဆင်မှု (၁) မှု၊ ဝင်ငွေခွန် အယူခံမှု (၆)မှု၊ ဝင်ငွေခွန် လွှဲအပ်မှု (၂) မှုနှင့် အထူးကုန်စည်ခွန် အယူခံမှု (၁) မှု၊ ပေါင်း (၂၉) မှု လွှဲပြောင်းလက်ခံ ခဲ့ပါ သည်။

## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု


၂၂။ ယခင်နှစ် လက်ကျန်အမှု (၂၅) မှု၊ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေး နှစ်အတွင်း အမှု (၇၈) မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန် အမှု အောက်ပါအတိုင်း စုစုပေါင်း (၁၀၃) မှု ဖြစ်ပါသည်-

| အမှု အမျိုးအစား | ယခင်နှစ် လက်ကျန် | နှစ်အတွင်း တိုး အမှု | စုစု ပေါင်း | ဆောင်ရွက်ပြီး | | | ဆောင်ရွက် ရန် ကျန် |
|---|---|---|---|---|---|---|---|
| | | | | ယခင် ခုံအဖွဲ့ | လက်ရှိ ခုံအဖွဲ့ | စုစုပေါင်း | |
| အယူခံ | ၂၃ | ၅၆ | ၇၉ | ၃၃ | ၇ | ၄၀ | ၃၉ |
| ပြန်လည်သုံးသပ်မှု | ၂ | ၂၀ | ၂၂ | ၁၅ | ၃ | ၁၈ | ၄ |
| ပြင်ဆင်မှု | - | ၁ | ၁ | - | - | - | ၁ |
| လွှဲအပ် | - | ၁ | ၁ | - | - | - | ၁ |
| စုစုပေါင်း | ၂၅ | ၇၈ | ၁၀၃ | ၄၈ | ၁၀ | ၅၈ | ၄၅ |

၂၃။ အမှုအမျိုးအစားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပါဝင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -





၂၄။ အခွန်အမျိုးအစားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပါဝင်မှုအခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -




၂၅။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်နိုင်မှုကို ယခင် ဘဏ္ဍာရေးနှစ်နှင့် အောက်ပါအတိုင်း နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

| အခွန် အမျိုးအစား | အမှု အမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | ဆောင်ရွက်ရန်ကျန် | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
| အကောက်ခွန် | အယူခံ | ၉၇ | ၆၉ | ၇၈ | ၃၉ | ၁၉ | ၃၀ |
| | ပြန်လည် သုံးသပ်မှု | ၃၀ | ၂၂ | ၂၈ | ၁၈ | ၂ | ၄ |
| | ပြင်ဆင်မှု | ၂ | ၁ | ၂ | - | - | ၁ |
| ဝင်ငွေခွန် | အယူခံ | ၃ | ၇ | - | ၁ | ၃ | ၆ |
| | လွှဲအပ် | - | ၁ | - | - | - | ၁ |
| ကုန်သွယ်ခွန် | အယူခံ | ၁ | ၂ | - | - | ၁ | ၂ |
| အထူးကုန်စည်ခွန် | အယူခံ | | ၁ | | - | | ၁ |
| | စုစုပေါင်း | ၁၃၃ | ၁၀၃ | ၁၀၈ | ၅၈ | ၂၅ | ၄၅ |

၂၆။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ကို ယခင်ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်၍ အမှု အမျိုးအစားအလိုက် လည်းကောင်း၊ အခွန် အမျိုးအစားအလိုက် လည်းကောင်း အောက်ပါအတိုင်း ဂရပ်ပုံများဖြင့် နှိုင်းယှဉ် ဖော်ပြ အပ်ပါသည်-







၂၇။ ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ နှစ်အဆက်ဆက် အမှုတင်သွင်း လျှောက်ထားမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အမှု အမျိုးအစား | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ |
|---|---|---|---|---|---|
| အယူခံ | ၁၀၉ | ၁၄၇ | ၆၇ | ၁၀၁ | ၇၉ |
| ပြန်လည် သုံးသပ်မှု | ၂၁ | ၃၀ | ၂၄ | ၃၀ | ၂၂ |
| ပြင်ဆင်မှု | | ၁ | | ၂ | ၁ |
| လွှဲအပ်မှု | | | | | ၁ |
| စုစုပေါင်း | ၁၃၀ | ၁၇၈ | ၉၁ | ၁၃၃ | ၁၀၃ |

၂၈။ နှစ်အဆက်ဆက် အမှု လျှောက်ထားတင်သွင်းမှု အခြေအနေကို အောက်ပါ ဂရပ်ပုံဖြင့် ဖော်ပြအပ်ပါသည်-




၂၉။ လက်ရှိခုံအဖွဲ့အသစ်က အကောက်ခွန်အယူခံမှု (၇) မှုနှင့် အကောက်ခွန်ပြန်လည် သုံးသပ်မှု (၃) မှု၊ စုစု ပေါင်း (၁၀) မှုအား စစ်ဆေး ဆုံးဖြတ်ခဲ့ပါသည်။ ခုံအဖွဲ့အဟောင်းမှ စစ်ဆေးစီရင်ခဲ့သည့် အမှု (၄၈) မှု၊ လက်ရှိ ခုံအဖွဲ့မှ စစ်ဆေးစီရင်ခဲ့သည့် အမှု (၁၀) မှုရှိသဖြင့် ၂၀၁၉ -၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း (၅၈) မှုအား စစ်ဆေးစီရင်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ လက်ကျန်အမှု (၄၅)မှု ရှိပါသည်။ ထိုသို့ လက်ကျန်အမှု များရခြင်းမှာ ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ မြန်မာနိုင်ငံတွင် Covid-19 ရောဂါ စတင်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် နိုင်ငံတော်မှအသွားအလာ ကန့်သတ် ထိန်းချုပ်သည့် အမိန့်များ ထုတ်ပြန်ခဲ့ခြင်းကြောင့် လည်းကောင်း၊ Covid-19 ဒုတိယလှိုင်း ဝင်ရောက်လာပြီး ကူးစက်မှု မြင့်မားလာခြင်းကြောင့် လည်းကောင်း အမှုများ စစ်ဆေးစီရင်နိုင်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

## လုပ်ငန်း အကောင်အထည်ဖော်နိုင်မှုဆိုင်ရာ တင်ပြချက်

၃၀။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အယူခံ မှုများနှင့် စပ်လျဉ်း၍ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျက် အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည် -

( က ) အယူခံ အမှုများအပေါ် အခွန်အမျိုးအစားအလိုက် ခွဲခြား စိစစ်သည့်အခါ -

(၁) အကောက်ခွန် အမှုများ နှင့်စပ်လျဉ်း၍ ပိတ်ပင် တားမြစ် ကုန်စည်များ၊ ကန့်သတ် ထိန်းချုပ် ကုန်စည်များ၊ အကောက်ခွန်မဲ့ ကုန်စည်များ ဖြစ်သည့်အတွက် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ကုန်စည်များ၊ ယင်းကုန်စည်များကို သယ်ဆောင်သည့်

မော်တော်ယာဉ်များကို နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ ဒဏ်ကြေးငွေ ပေးဆောင်၍ ပြန်လည် ရယူလိုသည့် အတွက် လျှောက်ထားတင်သွင်းလာသည့် အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု အမှုများမှာ ဆောင်ရွက်ရန် အမှုများ၏ ၈၉ ရာခိုင်နှုန်းခန့် ပါဝင်နေခြင်း၊

(၂) ဝင်ငွေခွန် အယူခံမှုမှာ ၈ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု ၂ ရာခိုင်နှုန်းနှင့် အထူးကုန်စည်ခွန် အယူခံမှု ၁ ရာခိုင်နှုန်းခန့် စုစုပေါင်း ၁၁ ရာခိုင်နှုန်း ပါဝင်နေပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်သည့် စနစ်ဖြင့် စည်းကြပ်မှု ခံယူနေသော ပြည်တွင်းကုမ္ပဏီ ကြီးများနှင့် နိုင်ငံခြားကုမ္ပဏီကြီးများမှ အယူခံ ဝင်ရောက်လာခြင်း၊

( ခ ) အကောက်ခွန်ဦးစီးဌာန၏ အပြီးသတ် ဆုံးဖြတ်ချက်အပေါ် မကျေနပ်သည့် အယူခံမှုများမှာ ၇၇ ရာခိုင်နှုန်းခန့်၊ အခွန်အယူခံ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြန်လည် သုံးသပ်မှု ၂၁ ရာခိုင်နှုန်းနှင့် ပြင်ဆင်မှု၊ လွှဲအပ်မှု ၁ ရာခိုင်နှုန်းခန့်စီ ပါဝင်နေခြင်း၊

( ဂ ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် အမှု ၁၃၃ မှု၏ ၁၀၈ မှု အကောင်အထည်ဖော်နိုင်၍ ၈၁ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်နိုင်ခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်မူ ဆောင်ရွက်ရန်အမှု ၁၀၃ မှု၏ ၅၈ မှု၊ ၅၆ ရာခိုင်နှုန်း သာ အကောင်အထည်ဖော်နိုင်ပြီး အကောင်အထည်ဖော်နိုင်မှု ကျဆင်းသွားခြင်းမှာ အောက်ပါ အကြောင်းများကြောင့် ဖြစ်ပါသည်-

(၁) ယခင် ခုံအဖွဲ့က အဖွဲ့သစ်သို့ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး အတွက် ကြားနာပြီး အမှုများအတွက် အမှုတွဲများ စနစ်တကျ ပြင်ဆင်ခြင်း၊ စီရင်ချက် အမိန့်များ အပြီးသတ် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ကြားနာ မှုများကို ခေတ္တဆိုင်းငံ့ ထားခြင်း၊

(၂) အယူခံ ခုံအဖွဲ့သစ်ကို ဇွန်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းမိန့် ထုတ်ပြန်ခဲ့သော်လည်း အဖွဲ့ဝင်များ အနေဖြင့် ကြားနာရမည့် အယူခံမှုများကို လေ့လာခြင်း၊ ကြားနာမှုများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ပြင်ဆင်ရခြင်း၊

(၃) ခုံရုံးကို Covid-19 ကာကွယ် တားဆီး ထိန်းချုပ်ရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ရခြင်း၊


(၄) Covid-19 ဒုတိယလှိုင်း ပြန်လည် ဝင်ရောက်လာမှုအရ နေပြည်တော်အဝင် ကန့်သတ်မှုများ ဆောင်ရွက်ထားသဖြင့် အခွန်အယူခံ ခုံအဖွဲ့အသစ် အနေဖြင့် စက်တင်ဘာလတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားသည့် အမှုများ ရွှေ့ဆိုင်း ထားရပြီး ကြားနာမှုများ ဆောင်ရွက် မရနိုင်ခြင်း၊

(၅) နှစ်အတွင်း လျှောက်ထားသည့် အချို့ အယူခံမှုများအတွက် သက်ဆိုင်ရာ ဌာနများ ၏ ချေပချက်များ မရရှိသေးခြင်း၊

## ခုံအဖွဲ့၏ အမှုစီရင် ဆုံးဖြတ် ဆောင်ရွက်နိုင်မှု

၃၁။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် အမှုပေါင်း (၁၀၃) မှုပေါ် (၅၈)မှု စီရင်ဆုံးဖြတ်နိုင်ပြီး၊ ယင်း(၅၈)မှုအနက် ပလပ်မှု (၃၄)မှု၊ ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည်ပေးအပ်မှု (၂၃)မှုနှင့် ဝင်ငွေခွန် ပြန်လည်စည်းကြပ်ရန်အမှု(၁)မှု စီရင်ချက်အမိန့် ချမှတ်နိုင်မှုကို ခုံအဖွဲ့အဟောင်းနှင့် အသစ် အလိုက် အောက်ပါဇယား၊ ဂရပ်ပုံတို့ဖြင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-


| ခုံအဖွဲ့ | အဟောင်း | အသစ် | စုစုပေါင်း |
|---|---|---|---|
| ပလပ်မှု | ၂၆ | ၈ | ၃၄ |
| ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည်ပေးအပ်မှု | ၂၁ | ၂ | ၂၃ |
| ဝင်ငွေခွန် ပြန်လည်စည်းကြပ်ရန်အမှု | ၁ | - | ၁ |
| စုစုပေါင်း | ၄၈ | ၁၀ | ၅၈ |





**အခွန်အမျိုးအစားအလိုက် စီရင် ဆုံးဖြတ် ဆောင်ရွက်နိုင်မှု**

၃၂။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း အခွန်အမျိုးအစားအလိုက် စီရင် ဆုံးဖြတ် ဆောင်ရွက် နိုင်မှုကို အောက်ပါဇယား၊ ဂရပ်ပုံတို့ဖြင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

| အခွန်အမျိုးအစား | အကောက်ခွန်မှု | ဝင်ငွေခွန် မှု | စုစုပေါင်း |
|---|---|---|---|
| ပလပ်မှု | ၃၄ | - | ၃၄ |
| ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည်ပေးအပ်မှု | ၂၃ | - | ၂၃ |
| ဝင်ငွေခွန် ပြန်လည်စည်းကြပ်ရန်အမှု | - | ၁ | ၁ |
| စုစုပေါင်း | ၅၇ | ၁ | ၅၈ |





၃၃။ စီရင် ဆုံးဖြတ်နိုင်မှုအရ စုစုပေါင်း စီရင်ဆုံးဖြတ်ခဲ့သည့် အမှုစုစုပေါင်းတွင် ပလပ်မှုသည် ၅၈ ရာခိုင်နှုန်း၊ ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည်ပေးအပ်မှု အနေဖြင့် ၄၀ ရာခိုင်နှုန်း၊ ဝင်ငွေခွန် ပြန်လည် စည်းကြပ်စေမှု အနေဖြင့် ၂ ရာခိုင်နှုန်း ဖြစ်ကြောင်း အောက်ပါ ဂရပ်ပုံဖြင့် ဖော်ပြအပ်ပါသည်-



## အမှုအမျိုးအစားအလိုက် စီရင် ဆုံးဖြတ် ဆောင်ရွက်နိုင်မှု

၃၄။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း အမှုအမျိုးအစားအလိုက် စီရင် ဆုံးဖြတ် ဆောင်ရွက်နိုင်မှုကို အောက်ပါဇယားဖြင့် နှိုင်းယှဉ်အပ်ပါသည်-

| အကြောင်းအရာ | အယူခံမှု | ပြန်လည် သုံးသပ်မှု | စုစုပေါင်း |
|---|---|---|---|
| ပလပ်မှု | ၂၄ | ၁၀ | ၃၄ |
| ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည်ပေးအပ်မှု | ၁၅ | ၈ | ၂၃ |
| ဝင်ငွေခွန် ပြန်လည်စည်းကြပ်ရန်အမှု | ၁ | - | ၁ |
| စုစုပေါင်း | ၄၀ | ၁၈ | ၅၈ |



**ဘဏ္ဍာသိမ်း ကုန်ပစ္စည်းနှင့် အခင်းဖြစ် မော်တော်ယာဉ်များအား ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည် ပေးအပ် ဆောင်ရွက်နိုင်သည့် အကောက်ခွန်အမှုများ**

၃၅။ အကောက်ခွန် စစ်ဆေးရေးဂိတ်များက တရားမဝင် တင်ပို့ခြင်း၊ တင်သွင်းခြင်း ပြုသည့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ယင်း ကုန်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသော ယာဉ်နှင့်တိရစ္ဆာန်များကို ဖမ်းဆီးရမိပါက အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ သိမ်းဆည်းမိန့်များ ထုတ်ပြန်ကာ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်း ဆည်းရပြီး၊ ပြစ်မှုကျူးလွန်သော တရားခံများကိုလည်း လိုအပ်ပါက အမှုဖွင့် အရေးယူဆောင်ရွက်ပါသည်။


၃၆။ အမှု အတိမ်အနက်အလိုက် တရားမဝင် ကုန်ပစ္စည်းများနှင့် ယင်းကုန်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသော ယာဉ်နှင့် တိရစ္ဆာန်များ နှစ်မျိုးလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ငွေ တပ်ရိုက်၍ ကုန်ပစ္စည်းများကို ပြန်ပေးခြင်း၊ ဒဏ်ငွေ တပ်ရိုက်၍ ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကာ အခင်းဖြစ် ယာဉ်နှင့် တိရစ္ဆာန်ကို ပြန်ပေးခြင်း အရေးယူမှုများအား ညီညွတ်မျှတစေရန်နှင့် ထိရောက်သော ဟန့်တား မှုများ ဖြစ်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ အခါအားလျော်စွာ သတ်မှတ် ထုတ်ပြန်ပါသည်။


၃၇။ အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် အမှုများအား တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့် အညီ မျှတမှန်ကန်စွာ ကြားနာ စစ်ဆေး စီရင်ဆုံးဖြတ်ပါသည်။

၃၈။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာသိမ်း ကုန်ပစ္စည်းနှင့် အခင်းဖြစ် မော်တော်ယာဉ် များအား ရွေးယူဒဏ်ငွေစနစ်ဖြင့် ပြန်လည် ပေးအပ် ဆောင်ရွက်နိုင်သဖြင့်၊ နိုင်ငံတော်အတွက် ရသင့် ရထိုက်သော ဘဏ္ဍာငွေများ ရရှိခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ကုန်ပစ္စည်းနှင့် အခင်းဖြစ် မော်တော်ယာဉ်များအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်၍ ကုန်စည်စီးဆင်းမှုများ လျင်မြန် ချောမွေ့ စေခြင်းနှင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း စသည့် အကျိုး ရလဒ်များ ရရှိစေနိုင်ပါသည်။

၃၉။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာသိမ်း ကုန်ပစ္စည်းနှင့် အခင်းဖြစ် မော်တော်ယာဉ်များအား ရွေးယူ ဒဏ်ငွေစနစ်ဖြင့် ပြန်လည် ပေးအပ် ဆောင်ရွက်နိုင်သည့် အကောက်ခွန် အမှုများကို အောက်ပါ ဇယားဖြင့် နှိုင်းယှဉ် ဖော်ပြ အပ်ပါသည်-

| အကြောင်းအရာ | အယူခံမှု | | ပြန်လည် သုံးသပ်မှု | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | အမှု | ကျပ် | အမှု | ကျပ် | အမှု | ကျပ် |
| ဘဏ္ဍာသိမ်း ကုန်ပစ္စည်း | ၁၀ | ၃၈၇,၃၇၈,၅၆၀ | ၆ | ၂၇၈,၉၅၉,၇၂၉ | ၁၆ | ၆၆၆,၃၃၈,၂၈၉ |
| အခင်းဖြစ် မော်တော်ယာဉ် | ၅ | ၃၁,၆၆၆,၆၆၇ | ၂ | ၄၃,၀၀၀,၀၀၀ | ၇ | ၇၄,၆၆၆,၆၆၇ |
| စုစုပေါင်း | ၁၅ | ၄၁၉,၀၄၅,၂၂၇ | ၈ | ၃၂၁,၉၅၉,၇၂၉ | ၂၃ | ၇၄၁,၀၀၄,၉၅၆ |






## ဝင်ငွေခွန်ပြန်လည်စည်းကြပ်ရန်အမှု

၄၀။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေခွန်အတွက် စီရင် ဆုံးဖြတ် ဆောင်ရွက်နိုင်မှုမှာ ဝင်ငွေခွန် ပြန်လည်စည်းကြပ်ရန်အမှု တစ်မှုတည်းသာ ရှိပါသည်။ ယင်းအမှုကို အောက်ပါအတိုင်း စီစစ် တွေ့ရှိ ရပါသည်-

( က ) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အခွန်ထမ်းကုမ္ပဏီတစ်ခု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် ဝင်ငွေခွန်ကြေညာလွှာအရ ဝင်ငွေပမာဏထက် စာရင်းစစ်ဆေးမှုအရ ဝင်ငွေ ပမာဏ က ပိုမို စစ်ဆေးတွေ့ရှိရသည့်အတွက် ဝင်ငွေခွန် ထပ်မံ စည်းကြပ် ကောက်ခံမှုကို အခွန်ထမ်းက မကျေနပ်သဖြင့် ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးထံ ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)နှင့်အညီ ပထမ အယူခံအနေဖြင့် အယူခံလွှာ တင်သွင်း လျှောက်ထားခဲ့ခြင်း၊

( ခ ) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ “၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အတွက် စာရင်း စစ်ဆေးမှုအရ အခွန်ငွေ စည်းကြပ် သတ်မှတ်ချက်သည် အတည်ဖြစ်ပြီး အယူခံအမှုအား ပယ်ဖျက်သည့် အမိန့်ချမှတ်လိုက်သဖြင့်” အခွန်အယူခံခုံအဖွဲ့ရုံးသို့ ဒုတိယ အယူခံ - ဝင်ငွေခွန် အယူခံမှု ဖြင့် ၂၉-၃-၂၀၁၉နေ့တွင် လျှောက်ထားလာပြီး၊ အခွန်အယူခံ ခုံအဖွဲ့ ဟောင်း အနေဖြင့် သုံးကြိမ် ကြားနာ စစ်ဆေး၍ ၂၄-၁၀-၂၀၁၉ နေ့တွင် ဝင်ငွေခွန် ပြန်လည် စည်းကြပ်သွားရန်ဟု စီရင်ချက်အမိန့်ချခဲ့ခြင်း။

၄၁။ ယင်းသို့ အခွန်အယူခံ ခုံအဖွဲ့ဟောင်း၏ စီရင်ချက်အမိန့်ကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ ကျေနပ်မှု မရှိသဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အဆုံးအဖြတ်အတွက် လွှဲအပ်ပေးပါရန် လွှဲအပ်မှုအဖြစ် လျှောက်ထားလာပါသည်။ ယင်းအတွက် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၁၂နှင့်အညီ အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန် သင့်မသင့် စစ်ဆေး ကြားနာ ရန် စီစဉ်နေစဉ် Covid-19 ဒုတိယလှိုင်း ကူးစက်ရောဂါ မြင့်မားလာမှုကြောင့် ခေတ္တ ဆိုင်းငံ့ထား ရပါသည်။ သို့သော်လည်း အခွန်အယူခံ ခုံအဖွဲ့အသစ်အနေဖြင့် အမှုကို သေချာစွာ နားလည် သဘော ပေါက်အောင် လေ့လာသုံးသပ်ခြင်း၊ သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ လေ့လာ ဖတ်ရှုခြင်းနှင့် ဆွေးနွေး ညှိနှိုင်း တိုင်ပင် ခြင်းများ ပြုလုပ်၍ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၁၃နှင့် အညီ ဆုံးဖြတ်နိုင်ရန် ကြိုတင် ပြင်ဆင်မှုများ လုပ်ဆောင်လျက် ရှိပါသည်။

ယုံကြည် မျှတ မှန်ကန်
အခွန်အယူခံ

# အပိုင်း (၃)

# ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ

# အပိုင်း (၃)
# ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ

## ခုံအဖွဲ့ အသစ်၏ သုံးလတာကာလအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ

### အခွန်အယူခံခုံအဖွဲ့၏Logo တံဆိပ်နောက်ခံအရောင်နှင့်စာသားပြောင်းလဲသတ်မှတ်ခြင်း

၄၂။ အောက်ပါ အခွန်အယူခံခုံအဖွဲ့ရုံး၏ Logo တံဆိပ် နောက်ခံအရောင်မှာ “အဝါရောင်”၊ စာသားမှာ “အခွန်အယူခံခုံအဖွဲ့ရုံး”ဖြစ်ပြီး၊ အခွန်အယူခံခုံအဖွဲ့ရုံး မြန်မာစာသားနှင့် REVENUE APPELLATE TRIBUNAL အင်္ဂလိပ် စာသားကြား ဘေးနှစ်ဖက် တွင် “အနီရောင်ကြယ်တစ်ပွင့်စီ” ပါရှိပါသည်။

၄၃။ အခွန်အယူခံခုံအဖွဲ့အသစ်အနေဖြင့် Logo တံဆိပ် နောက်ခံအရောင်ကို “အဝါရောင်”အစား “အနီရောင်”ဟုလည်းကောင်း၊ စာသားကို “အခွန်အယူခံခုံအဖွဲ့ရုံး” အစား “အခွန်အယူခံခုံအဖွဲ့”ဟု လည်းကောင်း ပြောင်းလဲပြင်ဆင်ခဲ့ပြီး၊ အခွန်အယူခံခုံအဖွဲ့ မြန်မာစာသားနှင့် REVENUE APPELLATE TRIBUNAL အင်္ဂလိပ် စာသားကြား ဘေးနှစ်ဖက်တွင်လည်း အနီရောင်ကြယ်တစ်ပွင့် မထားရှိတော့ဘဲ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

## ဆောင်ပုဒ်

၄၄။ အခွန်အယူခံ ခုံအဖွဲ့သည် ဥပဒေအရ အသစ်ပေါ်ပေါက်လာသည့် သီးခြားလွတ်လပ်သော အဖွဲ့ တစ်ခုဖြစ်ပြီး ပြည်တွင်း ပြည်ပ ရင်းနှီး မြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည် ကိုးစားမှု ရရှိရန်နှင့် အမှုများကို ကြားနာ စစ်ဆေးရာတွင် အခွန်အယူခံ ခုံအဖွဲ့ အနေဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ မျှမျှတတ စီရင်ဆုံးဖြတ် ရန် ဖြစ်ပါသည်။ သို့အတွက် အခွန်အယူခံ ခုံအဖွဲ့၏ ဆောင်ပုဒ်ကို "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ" ဟု သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

## မျှော်မှန်းချက်၊ ရည်မှန်းချက်၊ တန်ဖိုးများ

၄၅။ ထို့နောက် အခွန်အယူခံ ခုံအဖွဲ့၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအတွက် မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် တန်ဖိုးများ၏ အဓိပ္ပာယ်တို့ကို သတ်မှတ် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မျှော်မှန်းချက်များကို အခွန်အယူခံ ခုံအဖွဲ့၏ ပန်းတိုင် အဖြစ် လည်းကောင်း၊ ရည်မှန်းချက်များကို ပန်းတိုင်သို့ ရောက်ရှိစေမည့်နည်းလမ်းများ အဖြစ်လည်းကောင်း၊ တန်ဖိုးများကို အခွန်အယူခံခုံအဖွဲ့လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်များအဖြစ် လည်းကောင်း ခံယူ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### မျှော်မှန်းချက် (Vision)

စွမ်းဆောင်ရည် မြင့်မားသော အခွန် စီမံခန့်ခွဲမှု တိုးတက် ဖြစ်ထွန်းရေး အတွက် ပွင့်လင်း မြင်သာပြီး မှုတ မှန်ကန်သည့် အခွန်အယူခံ စနစ်ဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်း ဆောင်သူများ၏ ယုံကြည် အားထားမှုကို မြှင့်တင်ရန်




### ရည်မှန်းချက် (Mission)



- ပြည်ထောင်စုအစိုးရက စည်းကြပ်ကောက်ခံသည့် အခွန်အကောက် အမျိုးမျိုးအပေါ် အယူခံ ပိုင်ခွင့်နှင့် အညီ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများက တင်သွင်းလာသည့် အမှု များကို လွတ်လပ်စွာ ကြားနာ စစ်ဆေးပြီး ဥပဒေနှင့်အညီ မှုတစွာ စီရင်ဆုံးဖြတ်ရန်၊
- ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူတိုင်းက ဥပဒေနှင့်အညီ အခွန်ပေးဆောင် ရာ၌ တရားမျှတမှု၊ ခုခံချေပ နိုင်မှု နှင့် အယူခံနိုင်မှု အခွင့် အရေးများ အပြည့်အဝ ရရှိစေရေးအတွက် ကာကွယ် စောင့်ရှောက်ပေးရန်၊
- စွမ်းဆောင်ရည်မြင့်မားသည့် အခွန်စီမံခန့်ခွဲမှုယန္တရား တစ်ရပ်စဉ်ဆက်မပြတ် ဖြစ်တည်နေ စေရေး အတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အထောက်အကူပေးရန်၊

### တန်ဖိုးများ (Value)

- ပွင့်လင်းမြင်သာမှု
- လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု
- ဖြောင့်မတ်မှန်ကန်မှု နှင့် ယုံကြည် ကိုးစားမှု
- တန်းတူညီမျှမှုနှင့်တရားမျှတမှု
- အခွန်ထမ်းများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးမှု



## မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ

၄၆။ ယင်းနောက် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals–SDGs) မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) နှင့်အညီ ကိုယ်တိုင်စီစဉ်ကြံဆ၍ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်များ (၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ) ကို ပထမဆုံး ရေးဆွဲ ထုတ်ပြန်နိုင်ခဲ့ပါသည်။

### မဟာဗျူဟာများ




- အယူခံတင်သွင်းသောအမှုများအားစီရင်ဆုံးဖြတ်ရာတွင်မှန်ကန်မျှတစေရေး
- အယူခံခုံအဖွဲ့နှင့်ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး
- အခွန်စီမံခန့်ခွဲမှုစံနစ်အပေါ်ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ယုံကြည်မှုတိုးတက်လာစေရေး
- နိုင်ငံတကာနှင့်ဒေသတွင်း အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အယူခံခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်း များနှင့်အညီ ခေတ်မီ တိုးတက်အောင် ဆောင်ရွက်ရေး

## သတင်းအချက်အလက်နည်းပညာ အသုံးချဆောင်ရွက်ခြင်း

၄၇။ ခေတ်မီ ဆန်းသစ်လာသည့် သတင်းအချက်အလက် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ထိရောက် အကျိုးရှိစွာ အသုံးချဆောင်ရွက်ရန်နှင့် ရေရှည်ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များ (၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်ထိ) ရေးဆွဲ ထားပြီးဖြစ်ကာ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄၈။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် သုံးလတာ ကာလအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Domain Name (ratb.gov.mm) ကို လည်းကောင်း၊ ခုံအဖွဲ့ ဥက္ကဋ္ဌ ၊ အဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံးတို့အတွက် email account များကို လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် အခွန်အယူခံခုံအဖွဲ့၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိနိုင်စေရန် Revenue Appellate Tribunal Board အမည်ဖြင့် Facebook Page ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်၍ လုပ်ငန်း

ဆောင်ရွက်ချက်များအား လွှင့်တင် ဖော်ပြလျက်ရှိပြီး ၎င်း Facebook Page ကိုလည်း လုံခြုံမှုရှိစေရန် အတွက် Blue tick mark ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက် နေပါသည်။

၄၉။ ထို့အပြင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအရ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌအတွက် ရရှိထားသော ADSL လိုင်းအား ၎င်း၏ နေအိမ်တွင် တပ်ဆင်ခြင်း မပြုဘဲ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် ဖွင့်လှစ်ထားသည့် အခွန် အယူခံခုံအဖွဲ့ ယာယီ ရုံးအဆောက်အဦတွင် တပ်ဆင်၍ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၅၀။ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေ ၃၄ တွင် စီရင်ချက်အမိန့်ချမှတ်မည့်နေ့ကို ခုံအဖွဲ့ရုံးစိုက်ရာ နေရာရှိ ကြော်ငြာသင်ပုန်းနှင့် ခုံအဖွဲ့ရုံး Website တွင် အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် Website ရေးဆွဲလွှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး Myanmar National Portal တွင် အခွန်အယူခံခုံအဖွဲ့မှာ ဘဏ္ဍာရေးနှင့်အခွန် အောက်တွင် ရှိနေရာမှ သီးခြား လွတ်လပ်သည့် အဖွဲ့အဖြစ် ပြောင်းရွှေ့ဆောင်ရွက်ရန်လည်း ကြိုးပမ်း လုပ်ဆောင်လျက်ရှိပါသည်။

**Covid-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ကာလအတွင်း အမှုစစ်ဆေးဆောင်ရွက် မှုများ**

၅၁။ အခွန်အယူခံခုံအဖွဲ့စတင်တာဝန်ထမ်းဆောင်သည့်အချိန်တွင် Covid-19 ရောဂါ ကူးစက်ပြန့်ပွား လျက်ရှိသဖြင့် နိုင်ငံတော်မှ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး သွားလာမှုများအား ကန့်သတ် ဆောင်ရွက် လျက်ရှိပါသည်။ Covid-19 ရောဂါသည် ကူးစက်ပြန့်ပွားမှု လုံးဝပပျောက်ရန် အချိန်ကြာမြင့် နိုင်သဖြင့် အယူခံတရားလို/ လျှောက်ထားသူများအတွက် နစ်နာမှုမဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်အတွက် လည်း ဘဏ္ဍာငွေများ ဆုံးရှုံး နစ်နာမှုများ မဖြစ်ပေါ်စေရန် အမှုများအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ စတုတ္ထ ပတ်မှစ၍ စတင်ကြားနာ စစ်ဆေး ဆောင်ရွက်နိုင်ရန်အတွက် တရားခွင်အား Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနတို့က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်၍ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီး ဌာနမှ ၁၇-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၁/၃/၁-၂၂(၅၃၉၁/၂၀၂၀)ဖြင့် နိုင်ငံတော်သမ္မတ ရုံးသို့ တင်ပြခဲ့ရာ ၂၁-၇-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၇ (၁၅/၁၂၂၈)/၇/သမ္မတရုံး ဖြင့် ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။





၅၂။ Covid -19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှုများ ကြားနာစစ်ဆေးရန်အတွက် အခွန် အယူခံ ခုံအဖွဲ့ ဥက္ကဋ္ဌ သည် ၇-၇-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး နှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ၊ တရားရုံးများ၌ အမှုများ ကြားနာ စစ်ဆေးရာတွင် Covid-19 စည်းမျဉ်းစည်းကမ်း များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပါ သည်။

၅၃။ ထို့နောက် အခွန်အယူခံ ခုံအဖွဲ့အသစ်အနေဖြင့် Covid-19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောက်ခွန် အယူခံမှု (၇) မှုနှင့် အကောက်ခွန် ပြန်လည်သုံးသပ်မှု(၃)မှု ၊ စုစုပေါင်း(၁၀) မှု တို့ကို ၅-၈-၂၀၂၀ ရက်နေ့နှင့် ၆-၈-၂၀၂၀ ရက်နေ့တို့တွင် ကြားနာစစ်ဆေးခဲ့ပြီး ၉-၉-၂၀၂၀ ရက်နေ့ တွင် စီရင်ချက် အမိန့် များ ချမှတ်နိုင်ခဲ့ပါသည်။

၅၄။ Covid-19 ကူးစက်ရောဂါ ဒုတိယလှိုင်း စတင် ဖြစ်သည့် စက်တင်ဘာလအတွင်း အခွန်အယူခံ ခုံအဖွဲ့ အသစ် အနေဖြင့် ၉-၉-၂၀၂၀ ရက်နေ့နှင့် ၁၀-၉-၂၀၂၀ ရက်နေ့များတွင် အကောက်ခွန် အမှု (၁၀) မှု ကို နေပြည်တော်တွင် စစ်ဆေးကြားနာရန် ဖြစ်သော်လည်း Covid-19 အရေးပေါ် အခြေအနေများ ကြောင့် ကြားနာ စစ်ဆေးမည့်ရက်ကို အကန့်အသတ် မရှိ ရွှေ့ဆိုင်းထားခဲ့ရပါသည်။

## ဟောပြောပွဲပြုလုပ်ခြင်း

၅၅။ အခွန်အယူခံခုံအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင် များအသင်း၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် CPD online Live Webinar တွင် အခွန်အယူခံ ခုံအဖွဲ့ဝင် ဦးဇေယျကြည်ညွန့် မှ "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

အကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် အခွန်အယူခံခုံအဖွဲ့ နောက်ခံသမိုင်း၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်း ခြင်း၊ အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အခွန်အယူခံခုံအဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်း ဟောပြော ပို့ချဆွေးနွေးခဲ့ပါသည်။

**အမှုများ တင်သွင်းလျှောက်ထားခြင်းအတွက် ဖြေလျှော့ ပေးခြင်း**

၅၆။ Covid-19 ရောဂါ ပြန့်ပွားမှု မြင့်မားနေသည့်ကာလ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် နေပြည်တော်ကောင်စီ၏ ၁-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၉၄/၂၀၂၀ ဖြင့် ပြည်ထောင်စုနယ်မြေသို့ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များမှ လာရောက်သူများ အနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသောနေရာများတွင် သတ်မှတ်ကာလအထိ Community Based Facility Quarantine နေထိုင်ရန် လိုအပ်ခြင်း၊ ရောဂါပိုး ရှိ မရှိ စစ်ဆေးမှု ခံယူရန် လိုအပ်ခြင်း၊ ဓာတ်ခွဲ စစ်ဆေးခများအား ကာယကံရှင်မှ ကျခံစေခြင်း စသည့် စည်းကမ်းချက်များ ထုတ်ပြန်လာသည့် အတွက် အခွန်အယူခံ ခုံအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားရာတွင် လျှောက်ထားသူ ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့် ဖြစ်စေ လူကိုယ်တိုင် လာရောက်တင်သွင်းခွင့် ပြုရာမှ Covid-19 ကူးစက်ရောဂါ ပြန့်ပွားနေသည့် ကာလအတွင်း အမှုများကို စာတိုက်မှ ဖြစ်စေ၊ အမြန်ချောပို့ လုပ်ငန်းမှ ဖြစ်စေ၊ တင်သွင်းလျှောက်ထားလာပါက လက်ခံ ဆောင်ရွက်မည် ဖြစ်ကြောင်း ညွှန်ကြားလွှာ အမှတ် ၁/၂၀၂၀ ကို ၂၁-၉-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်၍ အမှုများ တင်သွင်း လျှောက်ထားခြင်းအတွက် ဖြေလျှော့ ပေးခဲ့ပါသည်။

**အမှုများအား ဗီဒီယို ဆက်သွယ်မှု (Video Conferencing) ဖြင့် ကြားနာစစ်ဆေးစီရင်နိုင်ရန် ကြိုးပမ်းမှုများ**

၅၇။ Covid-19 ကူးစက်ရောဂါ ကူးစက် ပြန့်ပွားမှု မြင့်မားနေသည့် အခြေအနေတွင် အခွန်အယူခံ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုများကို သမရိုးကျ ပုံမှန်အတိုင်း စစ်ဆေးကြားနာရန် မဖြစ်နိုင်သည့် အတွက် ခေတ်မီ တိုးတက်နေသည့် သတင်းအချက်အလက် နည်းပညာနှင့်အညီ လိုက်လျောညီထွေ ဖြစ်သည့် ပုံစံအသစ် (new normal) နှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် နည်းလမ်း ရှာကြံ ကြိုးစား ဆောင်ရွက်ခဲ့ပါသည်။

၅၈။ ယင်းကာလများအတွင်း အမှုများကြားနာ စစ်ဆေးရာတွင် ဗီဒီယို ဆက်သွယ်မှု (Video Conferencing) ဖြင့် ကြားနာစစ်ဆေးစီရင်ပါက တည်ဆဲ ဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ ၊ ကြားနာစစ်ဆေး စီရင်နိုင်ခြင်း ပြုနိုင် မပြုနိုင် အခွန်အယူခံခုံအဖွဲ့မှ ၁၀-၉-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့ သဘောထား မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၂-၁၀-၂၀၂၀ ရက်နေ့တွင် သက်သေခံ

အက်ဥပဒေ ပုဒ်မ ၆၀-က (၁) နှင့် အခွန်အယူခံခုံအဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြားနာစစ်ဆေး စီရင်နိုင်ခြင်း ပြုနိုင် မည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါသည်။

၅၉။ သို့ဖြစ်ပါ၍ အမှုများအား ဗီဒီယို ဆက်သွယ်မှုဖြင့် ကြားနာ စစ်ဆေးစီရင်နိုင်ရန် လျှောက်ထားသူ၊ လျှောက်ထားခံရသူ အများစုရှိသည့် ရန်ကုန်မြို့ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းတွင် အခန်းရရှိရေး သတင်းအချက်အလက် နည်းပညာ ပစ္စည်းကိရိယာများ တပ်ဆင်ရေးနှင့် အမိန့်ကြော်ငြာ စာဖြင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်ပါသည်။

## ဗီဒီယို ဆက်သွယ်မှု Video Conferencing စနစ်ဖြင့် အစည်းအဝေး ကျင်းပပြုလုပ်ခြင်း

၆၀။ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ (စ)တွင် ခုံအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အခွန်အယူခံခုံအဖွဲ့အသစ်၏ လစဉ် အစည်းအဝေး(၄)ကြိမ်ပြုလုပ်ခဲ့ပြီး Covid-19 ကူးစက်ရောဂါ ပြန့်ပွားမှု မြင့်မားနေသည့် ကာလဖြစ်သည့် စက်တင်ဘာလ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၄-၉-၂၀၂၀ ရက်နေ့တွင် Video Conferencing ဗီဒီယိုဆက်သွယ်မှု စနစ် ဖြင့် ကျင်းပခဲ့ပါသည်။

## အခွန်အယူခံ ခုံအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်ရေး ဆောင်ရွက်ခြင်း

၆၁။ ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ်တို့တွင် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများကို အသီးသီးထုတ်ပြန်ခဲ့ပါသည်။ အတည်ပြု ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့် အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေများကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေ ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးများသို့ ပေးပို့ခဲ့ရာ ၁၆-၁၂-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၆ ရက်မြောက် နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထွန်းက အချက် ၁၅ ချက် ပြင်ဆင်လိုကြောင်း တင်ပြမှုအပေါ် လွှတ်တော် နှစ်ရပ်လုံးက အတည်ပြုခဲ့သည့် ပြင်ဆင်ရန် အချက် ၁၃ ချက်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (ဂ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉ တို့နှင့်အညီ ပြင်ဆင် ထုတ်ပြန်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ရုံးက ပြန်လည် ပေးပို့ အကြောင်းကြားလာခဲ့ပါသည်။

၆၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်ထောင်စုအစိုးရအဖွဲ့၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

၆၃။ ထို့ပြင် အခွန်အယူခံ ခုံအဖွဲ့ဥပဒေ နှင့် နည်းဥပဒေများပါ လိုအပ်ချက်၊ အားနည်းချက်များအား ပြင်ဆင်နိုင်ရေးအတွက် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ စတုတ္ထပတ်တွင် လေ့လာသုံးသပ်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် သီးသန့် ပြုလုပ်သည့် စည်းဝေးတွင်း အကြေအလည် ဆွေးနွေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခွန်အယူခံ ခုံအဖွဲ့သည် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ နှင့် နည်းဥပဒေများကို ပိုမိုကောင်းမွန်စေရေးအတွက် ထပ်မံ ပြင်ဆင်နိုင်ရန် ကြိုးပမ်း လုပ်ဆောင်လျက် ရှိပါသည်။

ယုံကြည် မျှတ မှန်ကန်
အခွန်အယူခံ

# အပိုင်း (၄)

# ဝန်ထမ်းရေးရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ

# အပိုင်း (၄)


# ဝန်ထမ်းရေးရာ နှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဆောင်ရွက်ချက်များ

## အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး၏ ဖွဲ့စည်းပုံ

၆၄။ ပြည်ထောင်စု အစိုးရအဖွဲ့သည် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အခွန်အယူခံ ခုံအဖွဲ့ကို ဖွဲ့စည်းပေးပြီး၊ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၃၀ တွင် အခွန်အယူခံ ခုံအဖွဲ့ ဥက္ကဋ္ဌသည် အခွန်နှစ်တစ်နှစ် ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း၉၀ အတွင်း ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၆၅။ သို့ဖြစ်၍ အခွန်အယူခံခုံအဖွဲ့ကို အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပြဋ္ဌာန်း သတ်မှတ်ချက်နှင့်အညီ သီးခြား လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် အခွန်အယူခံ ခုံအဖွဲ့သည် လုပ်ငန်းဆောင်တာ ကိစ္စရပ်များ လွတ်လပ်စွာ ဆောင်ရွက်ပါသည်။ အခွန်အယူခံ ခုံအဖွဲ့ရုံး၏ ရုံးလုပ်ငန်းများကိုသာ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနမှ ကြီးကြပ် ကွပ်ကဲ ဆောင်ရွက်ပါသည်။


၆၆။ အခွန်အယူခံ ခုံအဖွဲ့နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) တွင် ခုံအဖွဲ့ ဥက္ကဋ္ဌ သည် ခုံအဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံး အဆင့်ဆင့် ဝန်ထမ်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း တို့ကို ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အခွန်အယူခံ ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -



## ဝန်ထမ်းခန့်ထားနိုင်မှု

၆၇။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်များနှင့်အညီ အခွန်အကောက်ဆိုင်ရာ အမှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သော ခုံအဖွဲ့အဖြစ် ရပ်တည်ဆောင်ရွက်ရန် အတွက် အခွန်အယူခံ ခုံအဖွဲ့ရုံး၏ ဖွဲ့စည်းပုံအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြခဲ့ရာ ၇-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) မှ အရာထမ်း ၆၀၊ အမှုထမ်း ၁၃၅၊ စုစုပေါင်း ၁၉၅ ဦးပါဝင်သော ဖွဲ့စည်းပုံဖြင့် ခွင့်ပြု ထားပြီး ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်တွင် ခွင့်ပြုအင်အား၏ ၂၅ ရာခိုင်နှုန်းသာ ခန့်ထားနိုင်ပြီး ထပ်မံ တိုးချဲ့ ခန့်ထားနိုင်ရေး အတွက် ဆောင်ရွက်သွားမည့်အပြင် ဥပဒေနှင့် အဆင့်မြင့် ဖွဲ့စည်းထားသည့် အခွန်အယူခံ ခုံအဖွဲ့နှင့် လိုက်လျောညီထွေ ဖြစ်မည့် ဝန်ထမ်း ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက် ရှိပါသည်။

| အကြောင်းအရာ | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|
| ခွင့်ပြုအင်အား | ၆၀ | ၁၃၅ | ၁၉၅ |
| ခန့်ထားပြီး အင်အား | ၁၆ | ၃၃ | ၄၉ |
| လစ်လပ်အင်အား | ၄၄ | ၁၀၂ | ၁၄၆ |



## လက်ရှိ ရုံးဖွင့်လှစ်ထားရှိမှု

၆၈။ အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် ရုံးအမှတ်(၄၆)တွင် ရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အသစ်ဖွဲ့စည်းသည့် ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် အသစ်ဆောက်လုပ်နေသည့် ရုံးအဆောက်အဦမှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်မှ ပြီးစီးမည် ဖြစ်၍ လောလောဆယ် ရုံးအမှတ် (၄၆) တွင် ရုံးခန်းများ နေရာချထားပေးရန် အခက်အခဲရှိသဖြင့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ရှိ အဆောင် (၃)ဆောင်တွင် ယာယီရုံး ဖွင့်လှစ်သွားရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီး ဌာနက ခွင့်ပြုခဲ့ပါသည်။ အဆောင်(၇) တွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် ရုံးခန်း၊ အဆောင်(၁၀) နှင့် အဆောင် (၅) တို့တွင် အဖွဲ့ဝင်များ၏ နေအိမ်ခန်းများ၊ အထောက်အကူပြု ရုံးအဖွဲ့ခန်း များနှင့် အစည်း အဝေး ခန်းများ အဖြစ် နေရာချထားပြီး အခွန်အယူခံခုံအဖွဲ့သည် (၂၃-၇-၂၀၂၀) ရက်နေ့မှစ၍ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း တွင် ရုံးထိုင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရုံးအဆောက်အဦသစ် တည်ဆောက်မှု

၆၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေအရ အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခဲ့ပါက ခုံအဖွဲ့ဝင်များ ရုံးထိုင်နိုင်ရန်နှင့် ဖွဲ့စည်းပုံ တိုးမြှင့်လာမှုကို မျှော်တွေး၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ အခွန်အယူခံ ခုံအဖွဲ့ရုံး ရုံးအဆောက်အဦသစ်အား ဥတ္တရသီရိမြို့နယ်၊ သီရိမဏ္ဍိုင်လမ်း၏ မြောက်ဘက် ရုံးအမှတ် (၄၆)၏ ဘေးရှိ အခွန်အယူခံခုံအဖွဲ့ရုံးပိုင် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်း ထားသော စိုက်ပျိုးမြေ ဧရိယာ(၂၆.၀၅) ဧကမှ မြေလွတ်ဧရိယာ (၆.၀၅)ဧကပေါ်တွင် တည်ဆောက်လျက် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် အဆောက်အဦတစ်ခုလုံး၏ လုပ်ငန်းပမာဏ (၆၀%) ခန့် တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ကျန်သည့် လုပ်ငန်းပမာဏ (၄၀%)ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက် တည်ဆောက်သွားမည် ဖြစ်ပါသည်။ “ရုံးအမှတ်-၅၇” အဖြစ် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်ပေးထားပြီး ဖြစ်ပါသည်။

ရုံးအဆောက်အဦသစ် 3D Design ပုံ



ရုံးအဆောက်အဦသစ် 3D Design ပုံ



## ဝန်ထမ်းအိမ်ရာ ရရှိမှု အခြေအနေ

**၇၀။** လက်ရှိတွင် အရာထမ်း (၁၆) နေရာနှင့် အမှုထမ်း (၃၃) နေရာ စုစုပေါင်း (၄၉) ဦး ဖြစ်သော်လည်း အရာထမ်း နေအိမ်ခန်း (၇) ခန်း၊ အမှုထမ်းနေအိမ်ခန်း (၁၁) ခန်းနှင့် လူပျို/ အပျို ဆောင် (၃) ခန်း၊ စုစုပေါင်း (၂၁) ခန်းသာ ခွဲဝေရရှိသဖြင့် အိမ်ထောင်သည် ဝန်ထမ်းအိမ်ရာ အဖြစ် အရာထမ်း (၈) ခန်း၊ အမှုထမ်း (၉) ခန်း၊ လူပျို/အပျို ဆောင် (၄)ခန်း အရေးတကြီး လိုအပ်လျက်ရှိပြီး လိုအပ်သည့် ဝန်ထမ်း အိမ်ရာ အခန်းများ ခွဲဝေချထား ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနသို့ တင်ပြထားပါသည်။

## အစည်းအဝေးကျင်းပနိုင်မှု အခြေအနေ

၇၁။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၅ ၊ ပုဒ်မခွဲ (စ)တွင် ခုံအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး တစ်လလျှင်တစ်ကြိမ် ကျင်းပရမည်ဟု ပြဋ္ဌာန်းထားပြီး အစီရင်ခံသည့် ဘဏ္ဍာရေးနှစ် အတွင်း အခွန်အယူခံခုံအဖွဲ့ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးများအား (၄) ကြိမ်၊ အပတ်စဉ်ပြန်လည် ဆန်းစစ် သုံးသပ်ခြင်းအစည်းအဝေး (၉) ကြိမ်နှင့် အခွန်အယူခံခုံအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ် များ ချမှတ်နိုင်ရေး ပြုလုပ်သည့် အစည်းအဝေး (၄) ကြိမ် စုစုပေါင်း အစည်းအဝေး (၁၇) ကြိမ် ပြုလုပ်ခဲ့ပါသည်။



(၁/၂၀၁၉-၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



(၂/၂၀၁၉-၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း




(၃/၂၀၁၉-၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း




(၄/၂၀၁၉-၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

## လေ့ကျင့်သင်ကြားပေးမှု

၇၂။ အခွန်အယူခံခုံအဖွဲ့ရုံးသို့ အသစ်ဝင်ရောက်လာသည့် ဝန်ထမ်းများအား ဌာနတွင်း လုပ်ငန်းခွင်ဝင် သင်တန်းများ ဖွင့်လှစ်၍ သင်တန်းများ ပို့ချခြင်း၊ ပို့ဆောင်ရေးနှင့် ဖွင့်လှစ်သည့် ဆက်သွယ်ရေး ဝန်ကြီးဌာနက IT နှင့် ပတ်သက်သော သင်တန်းများသို့ စေလွှတ်တက်ရောက်စေခြင်း၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၊ တွင် ရာထူးအဆင့်အလိုက် ဖွင့်လှစ်သည့် သင်တန်းများ သို့ စေလွှတ်တက်ရောက်စေခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ အကျိုးတရားအားဖြင့် ဌာနရှိဝန်ထမ်းများ အခြားဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်၍ လုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက် နိုင်ခြင်း၊ သင်တန်းမှ ရရှိလာသည့် အတွေ့အကြုံ၊ ဗဟုသုတများအား ဌာနတွင် ပြန်လည် အသုံးချ နိုင်ခြင်း စသည့် အကျိုးရလဒ်များ ရရှိခဲ့ပါသဖြင့် သင်တန်းတက်ရောက်ရသည့် ဝန်ထမ်း အတွက် သာမက ဌာန အတွက်လည်း များစွာ အကျိုးဖြစ်ထွန်းခဲ့ပါသည်။


ယုံကြည် မျှတ မှန်ကန် အစွန်အဖယူခံ